ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

APHR

# မြန်မာနိုင်ငံမှ ဦးကိုနီလုပ်ကြံခံရမှုအပေါ် APHR အဖွဲ့အစည်း၏သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥပဒေရေးရာအတိုင်ပင်ခံအကြံပေးဖြစ်သူ၊ အများကလေးစားရသော ဥပဒေပညာရှင်တစ်ဦးဖြစ်သည့် ဦးကိုနီသည် ယမန်နေ့က လုပ်ကြံသတ်ဖြတ်ခံရသည်ဟု သိရှိရသည့်အတွက် တုန်လှုပ်ဝမ်းနည်းမိကြောင်း အရှေ့တောင်အာရှတနံတလျားမှ လွှတ်တော်အမတ်များပါဝင်ဖွဲ့စည်းထားသည့် လူ့အခွင့်အရေးဆိုင်ရာ အရှေ့တောင်အာရှလွှတ်တော်အမတ်များအဖွဲ့ (APHR) အဖွဲ့ဝင်များကိုယ်စား ပြောကြားလိုပါသည်။

ဦးကိုနီ၏သေဆုံးမှုမှာ မြန်မာနိုင်ငံနှင့် အာဆီယံအတွက် ကြီးမားသောဆုံးရှုံးမှုတစ်ခု ဖြစ်ပါသည်။ ဦးကိုနီသည် မြန်မာနိုင်ငံ၏ဒီမိုကရေစီရရှိရေးကြိုးပမ်းမှုအတွက် အထင်ကရပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပြီး သည်းခံမှုတရားများနှင့်လူ့အခွင့်အရေးဆိုင်ရာများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။ လူနည်းစုများ၏အခွင့်အရေးများအတွက် သူ၏ကူညီပံ့ပိုးဆောင်ရွက်ခဲ့မှုများမှာ အမုန်းတရား၊ အစွန်းရောက်တစ်ယူသန်မှုများနှင့် နှိပ်စက်ညှဉ်းပန်းမှုများကို ဆန့်ကျင်ဆောင်ရွက်နေသူများအားလုံး အတွက် ခွန်အားတစ်ရပ် ဖြစ်ခဲ့ပါသည်။

မြန်မာအာဏာပိုင်များအနေဖြင့် အဆိုပါလုပ်ကြံမှုအား အသေးတလျင်နှင့် သေချာစွာစုံစမ်းစစ်ဆေးရမည် ဖြစ်ပြီး တရားမျှတမှုကိုဖော်ဆောင်ရမည်ဖြစ်ပါသည်။ လုပ်ကြံတိုက်ခိုက်မှုနှင့်စပ်လျဉ်းသည့် အချက်အလက် များမပြည့်စုံသေးသည့်အချိန်တွင် အခြေအနေများရှုပ်ထွေးနေပြီး စိုးရိမ်ပူပန်မှုများနှင့် မေးခွန်းများလည်း ပေါ်ထွက်လျက်ရှိပါသည်။ အာဏာပိုင်များအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ မွတ်ဆလင်များအပါအဝင် လူနည်းစုများ၏ လုံခြုံမှုရရှိရေး၊ အမုန်းတရားဖြန့်ဖြူးမှုများနှင့် အကြမ်းဖက်မှုများကို ဆန့်ကျင်ရှုတ်ချရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ရေးတို့အတွက် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ချားလ်ဆန်တီယာဂို

ဥက္ကဌ

လူ့အခွင့်အရေးဆိုင်ရာ အရှေ့တောင်အာရှလွှတ်တော်အမတ်များအဖွဲ့ (APHR)

APHR အဖွဲ့ဝင်များကိုယ်စား